# 1 ယာဉ်မောင်းလိုင်စင်

### (3) ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်သို့ ပြောင်းလဲရန်အတွက်လိုအပ်သော စာရွက်စာတမ်း

| လိုအပ်သောစာရွက်စာတမ်း | တင်သွင်းရန်နေရာ | အခကြေးငွေ |
|---|---|---|
| 1 ယာဉ်မောင်းလိုင်စင်လျှောက်လွှာပုံစံ(စာစစ်ဌာန၌ရှိသည်)<br>2 ဓါတ်ပုံ(အလျား 2.4 cm၊ အနံ 3cm၊ ၆လအတွင်း ရိုက်ထားသောပုံ) ပုံအရေအတွက်မှာ လျှောက်မည့်အမျိုးအစားပေါ် မူတည်သည်။<br>3 မည်သည့်နိုင်ငံသားဖြစ်သည်ကိုရေးသွင်းထားသော နေထိုင်သူမှတ်တမ်း (နေထိုင်သူအခြေခံစာရင်းတွင် ရေးသွင်းထားခြင်း မရှိသောသူသည် တည်းခိုရာအိမ်၏အိမ်ရှင်နှင့် ဟိုတယ်မန်နေဂျာ၏ ထောက်ခံစာစသည့်)<br>4 မိခင်နိုင်ငံ (ပြည်ပ) ၏ယာဉ်မောင်းလိုင်စင် (ထုတ်ပေးသည့်နေ့ရက်မပါရှိလျှင် ထုတ်ပေးသည့်နေ့ရက်ကို သက်သေခံနိုင်မည့်အရာ)<br>5 ယာဉ်မောင်းလိုင်စင်၏ အစိုးရအဖွဲ့အစည်းများမှ ဂျပန်ဘာသာသို့ပြန်ဆိုထားသော ဘာသာပြန်စာ (ပြည်ပနိုင်ငံများ၏ အုပ်ချုပ်ရေးဌာနရုံး၊ ကောင်စစ်ဝန်ရုံး သို့မဟုတ် JAF မှထုတ်ပေးသော အရာများသာ)<br>6 နိုင်ငံကူးလက်မှတ် (နိုင်ငံအဝင်အထွက်မှတ်တမ်းရှိသော အရာ) | နေထိုင်ရာအရပ်ရှိ ယာဉ်မောင်းလိုင်စင် စင်တာ | လျှောက်ထားကြေး၊ ထုတ်ပေးကြေး၊ စသောအခကြေးငွေ ယန်း 5,000 ခန့်လိုအပ်သည်။ သို့သော် အခကြေးငွေသည် လျှောက်ထားသောလိုင်စင်အမျိုးအစားပေါ် မူတည်၍ ကွဲပြားနိုင်မည်ဖြစ်သောကြောင့် အသေးစိပ်ကို နေထိုင်ရာအရပ်ရှိ လိုင်စင်စင်တာ၌ မေးမြန်းပါ။ |

နိုင်ငံပေါ် မူတည်၍ အထက်ဖော်ပြပါအကြောင်းအရာများအပြင် အခြားလိုအပ်သောစာရွက်စာတမ်းများရှိပါသည်။ အသေးစိပ်ကို နေထိုင်ရာအရပ်ရှိ ယာဉ်မောင်း လိုင်စင်စင်တာ၌ မေးမြန်းပါ။